# ဗုဒ္ဓဘာသာနှင့်နိုင်ငံတော်ဘာသာ

## အမြေအမြစ်

အဘိဓမ္မာ-ဆရာခိုင်ရေးသည်။

## ဗုဒ္ဓဘာသာဝင် နိုင်ငံသားများ

ဖြစ်ကြသော ဗမာ-ရှမ်း-ကရင်-ကချင်-ကယား-ချင်း-မွန်-ရခိုင်
ထားဝယ် စသော လူမျိုးများ ယခု လူအံ့ဖြစ်အကျိုး
နောင် ဖြစ်ရာဘဝအကျိုး ရှိစေမည့်
ပညာအမျိုးမျိုးပါဝင်သော စာအုပ်ဖြစ်ပါသည်။
လူကြီး-လူငယ်-ကျောင်းသားများ
ဘတ်ကြားကြည့်ရှုကြပါရန် နိုင်ငံသားအကျိုး
တိုက်တွန်းရပါသည်။
တအိမ်မှာအုပ်ကျ ဆောင်ထား သင့်ပါသည်။

★

မူပိုင်ရှင်-အဘိဓမ္မာ ဆရာခိုင်
တ ဆင့် ပုံ နှိပ် ခွင့် မပြု
၁၃၂၃-ခု၊ တော်သလင်းလတွင် ပုံနှိပ်သည်။
ပဌမနှိပ်ခြင်း အုပ်ရေ-၃၀၀၀
အဘိုး-ပြား-၅၀။

# စာရေးသူ အတ္ထုပ္ပတ္တိ

ပဲခူးခရိုင် အုန်းရွာ ပွဲစားကြီး ဦးဘိုးအောင်-ဒေါ်သွယ် တို့မှ ( ၁၂၇၅ )ခု တပေါင်းလဆုပ် (၈) ရက်ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီအချိန် မွေးဖွားသူ ဖြစ်၍ ငယ်စဉ်က အုန်းရွာ ဆရာရုံးကျောင်းတွင် လောကီပညာအမျိုးမျိုးများသင်ကြား၍အသက် ၂၀ ပြည့်သော အခါ အုန်းရွာ မြောက်ကျောင်း၌ ရဟန်းပြုလေ၏။

ရဟန်းဘောင်၌ သဒ္ဒါသင်္ဂြိုဟ်၊ ပါဠိတော်အဋ္ဌကထာ၊ ပိဋကတ် စာပေများကို သင်ကြားရာတွင် ဝါသနာ အလျောက် အဘိဓမ္မာ ကျမ်းစာများကို ပိုမိုသင်ကြားခဲ့၍ လောကီ ပညာများလည်း သင်ကြားခဲ့လေသည်။

နောက် ခရမ်းမြို့ ညောင်စိုင်းကျောင်းကြီးတွင် စာချနေစဉ် ရဟန်းဘဝ၌ မပျော်မွေ့လျော်၍ လူထွက် ပြီးလျှင် ခရမ်းမြို့ သပြေကုန်းပိုင်တွင် ကျောင်းသား တရာကျော်ကိုစာသင်၍ အမျိုး ဘာသာ သာသနာပညာတို့ထက် ကြီးပွားလာရန်အတွက် ပြောဆိုကြံစည် ဆောင်ရွက်လာရာတွင် ဆင်းရဲဒုက္ခ အမျိုးမျိုး ခံ၍ ယနေ့အထိ ရှိခဲ့ပါသည်။ နောင်အသက်ရှင် သည်နှင့်အမျှ အမျိုးဘာသာ သာသနာ ပညာတိုးတက် ကြီးပွားရန် အတွက် ပြောဆိုဆောင်ရွက်ပါဦးမည်။

# ရည်ရွယ်ချက်

ဗုဒ္ဓဘာသာနှင့် နိုင်ငံတော်ဘာသာ အခြေ အမြစ် စာအုပ် ရေးသားရခြင်း၏ ရည်ရွယ် ချက်သည် မြတ်စွာဘုရား တရားစကားတော်ကို ဗမာ၊ ရှမ်း၊ ကရင်၊ ကချင် ကယား၊ ချင်း၊ မွန်၊ ရခိုင် မြိုတ်၊ ထားဝယ်၊ စလုံးသော ဗုဒ္ဓဘာသာဝင် လူမျိုးများ ပါဠိအနက် အဓိပ္ပါယ်သဘောကို အခြေအမြစ်က တတ်မြောက် သိရှိစေရန်ငှင်း။ ဘာသာသာသနာနေလကဲ့သို့ထိန်လင်းတောက် လာစေရန်ငှင်း။ ဘုရားတရားတော် စကားကို ယုံကြည်ကိုးကွယ် ကျင့်ကြံအားထုတ်သူများ တိုးတက်များလာစေရန်ငှင်း။

ဗမာ၊ ရှမ်း။ ကရင်၊ ကချင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ မြိုတ်၊ ထားဝယ် စသော လူမျိုးများ ချစ်ခင်ရင်းနှီးစွာ နေထိုင်စားသောက်၍ လောကီ လောကုတ္တရာအကျိုးဖြစ်စေရန်အတွက် ရည်ရွယ်၍ ရေးသားခြင်းဖြစ်ပါသည်။

ဗုဒ္ဓံ ပူဇေမိ

# သဗ္ဗညုဗုဒ္ဓ မည်တော်မူခြင်း

၁။ သက္ကရာဇ် (၁၀၃) ကဆုန်လဆန်း (၁၄) ရက် အင်္ဂါနေ့ ညဉ့်ဦးယာမ်၌ လွန်ခဲ့ပြီးသောဘဝပေါင်းများစွာပြန်၍အောက်မေ့ဆင်ခြင် (သိ) စွမ်းနိုင်သော ပုဗ္ဗေနိဝါသ၊ နုဿတိဉာဏ် ရတော်မူပါသည်။

၂။ သံခေါင်ယာမ်၌ သုံးဆဲ့တဘုံလုံး၌ ဖြစ်ပျက်၍ နေကြကုန်သော ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ် လူနတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့ကို (မြင်) စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ် ရတော်မူပါသည်။

၃။ မိုဃ်းသောက်ယာမ်၌ကိလေသာဟူသမျှကို အကြွင်းမရှိ (ပယ်) စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူပါသည်။

၄။ သက္ကရာဇ် (၁၀၃) ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန်နေအာရုဏ်တက်သည်နှင့်တပြိုင်နက် လူနတ်သတ္တဝါတို့၏အထွဋ်အထိပ် သဗ္ဗညုဗုဒ္ဓ အဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားသည် သဗ္ဗညု (ဗုဒ္ဓ) မည်တော်မူပါသည်။ (ဝါ) ဘုရားသခင် ခေါ်တော်မူပါသည်။

# ဗုဒ္ဓမည်တော်မူခြင်း

**ဗုဒ္ဓါတိတိ-ဗုဒ္ဓေါ**။ ဗုဇ္ဈတိ (သိ) တော်မူတတ်၏ ဣတိတသ္မာ ထို့ကြောင့် ဗုဒ္ဓ မည်တော် မူပါသည်။ (ဝါ) မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၁။ ဒုက္ခသစ္စာ ဒုက္ခ ဆင်းရဲခြင်း အမှန်ကို (သိ) တော်မူသောကြောင့်(ဗုဒ္ဓ)မည်တော်မူပါသည်။ (ဝါ) မြတ်စွာဘုရားသခင် ဖြစ်တော်မူပါသည်။

၂။ သမုဒယသစ္စာလိုခြင်တပ်မက်ခြင်းအမှန်ကို (သိ) တော်မူသောကြောင့် (ဗုဒ္ဓ မည်တော်မူပါသည်။(ဝါ)မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃။ နိရောဓသစ္စာ ဒုက္ခ ဆင်းရဲခြင်းတို့၏ မရှိရာ နိဗ္ဗာန်ကို (သိ) တော်မူသောကြောင့်(ဗုဒ္ဓ)မည်တော် မူပါသည်။ (ဝါ) မြတ်စွာဘုရားဖြစ်တော်မူပါသည်။

မဂ္ဂသစ္စာ လောဘပယ်၍ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင် (၈) ပါးအမှန်ကို (သိ) တော်မူသောကြောင့်(ဗုဒ္ဓ)မည်တော်မူပါသည်။ (ဝါ) မြတ်စွာဘုရားဖြစ်တော်မူပါသည်။

**သမ္မာသမ္ဗုဒ္ဓ-အဓိပ္ပါယ်**။ ပါဠိစကား သမ္မာ မဖေါက်မပြန် မမှား မယွင်း အမှန် အနက် ပါဠိစကား သံ ကိုယ်တော်တိုင် အနက် ပါဠိစကား(ဗုဒ္ဓ)သိ အနက်

စာလုံး ပေါင်းစပ်လျှင် ( သမ္မာ သမ္ဗုဒ္ဓ ) သစ္စာလေးကို မဖေါက်မပြန် မမှားမယွင်း ဆရာ မကူ သ ယမ္ဘူ ဉာဏ်ဖြင့်

အ မှန် ကို ကိုယ် တော် တိုင် အ လို လို (သိ) တော် မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါသည်။ (၀၁) မြတ်စွာဘုရားဖြစ်တော်မူပါသည်။

ဧဝံ(၈၁)ပါး။ ၁။ လောဘလိုခြင်း တပ်မက်ခြင်းစိတ် (၈) ပါးသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါသည်။ (၀၁) မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂။ ဒေါသ ကြမ်းတမ်းစိတ် (၂)ပါးသည်ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါသည်။

၃။ မောဟ တွေဝေခြင်းစိတ် (၂) ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

အကုသလ ဝိပါက်အဟိတ်စိတ် (၇) ပါးသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၅။ ကုသလဝိပါက် အဟိတ်စိတ် (၈) ပါးသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

အဟိတ်ကြိယာစိတ် (၃) ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၇။ ကာမဝစရ ကုသိုလ်စိတ်(၈)ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင် (သိ) တော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၈။ ကာမဝစရ ဝိပါက်စိတ်(၈)ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၉။ ကာမဝစရ ကြိယာစိတ်(၈)ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၀။ ရူပဝစရ ကုသိုလ်စိတ် (၅) ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၁။ ရူပဝစရ ဝိပါက်စိတ် (၅) ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၂။ ရူပဝစရ ကြိယာစိတ် (၅) ပါးသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၃။ အရူပဝစရ ကုသိုလ်စိတ် (၄) ပါးသည် ဒုက္ခဆင်းရဲ ခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၄။ အရူပဝစရ ဝိပါက်စိတ်(၄)ပါးသည်ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၅။ အရူပဝစရ ကြိယာစိတ် (၄) ပါးသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

စေတသိက် (၅၁) ပါး။ ဖဿစေတသိက် တွေ့ထိခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၂။ ဝေဒနာ စေတသိက် အာရုံခံခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃။ သညာစေတသိက်အာရုံမှတ်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၄။ စေတနာ စေတသိက် အာရုံ စေ့ဆော်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၅။ ဧကဂ္ဂတာ စေတသိက် အာရုံတခုကို တည်ကြည်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၆။ ဇီဝိတိန္ဒြိယ စေတသိက် ရုပ်နာမ်စောင့်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော် မူသောကြောင့် မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၇။ မနသိကာရ စေတသိက်အာရုံသွင်းခြင်းသည်ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၈။ ဝိတက် စေတသိက် အာရုံရှေ့ရှုခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၉။ ဝိစာရ စေတသိက် အာရုံသုံးသပ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၀။ အဓိမောက္ခ စေတသိက် အာရုံဆုံးဖြတ်ခြင်းသည်ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၁။ ဝိရိယစေတသိက် အာရုံ၌ ခိုင်းစေခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၂။ ပီတိ စေတသိက် အာရုံနှစ်သက်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၃။ ဆန္ဒစေတသိက် ပြုလိုကမျှသည် ဒုက္ခဆင်းရဲခြင်းအမှန် ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၄။ မောဟ စေတသိက် အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၅။ အဟိရိကစေတသိက်မရှက်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ). တော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၆။ အနောတ္တပ္ပ စေတသိက် မလန့်ခြင်း ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၁၇။ ဥဒ္ဓစ္စ စေတသိက် စိတ်မငြိမ် မသက် ခြင်းသည် ဒုက္ခ ဆင်းရဲ အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၁၈။ ဒိဋ္ဌိ စေတသိက် မှားသောနှလုံး သွင်းခြင်းသည် ဒုက္ခ ဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၁၉။ မာနစေတသိက် မိမိကိုယ်ကို ထောင်လွှမ်း ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၀။ ဒေါသ စေတသိက် ကြမ်းတမ်း ပြစ်မှား ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူသည်။

၂၁။ ဣဿာစေတသိက် သူတပါးစည်းစိမ်ကိုငြူစူခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော ကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၂၂။ မစ္ဆရိယ စေတသိက် မိမိစည်းစိမ် လျှို့ဝှက်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၄။ ထိန စိတ်မခံခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၅။ မိဒ္ဓ စေတသိက် မခံခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၂၆။ ဝိစိကိစ္ဆာ စေတသိက် အာရုံ မဆုံးဖြတ် နိုင်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၇။ သဒ္ဓါ စေတသိက် အာရုံ၌ ကြည်လင်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၈။ သတိ စေတသိက် အာရုံ၌ အောက်မေ့ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၂၉။ ဟိရိ စေတသိက် ရှက်တတ်ခြင်းသည်ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၀။ ဩတ္တပ္ပ စေတသိက် လန့်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်တော်မူပါသည်။

၃၁။ အလောဘ စေတသိက် အာရုံ၌မတပ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၂။ အဒေါသ စေတသိက် မကြမ်းတမ်း မပြစ်မှားခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၃။ တတြမဇ္ဈတ္တတာ စေတသိက်အာရုံ၌ လျစ်လျူရှုခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၄။ ကာယပဿဒ္ဓိ စေတသိက်တို့၏ ငြိမ်းခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၅။ စိတ္တပဿဒ္ဓိ စိတ်၏ငြိမ်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပါသည်။

၃၆။ ကာယလဟုတာ စေတသိက်တို့၏ပေါ့ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ် ရှိခိုးပါ၏ဘုရား။

၃၇။ စိတ္တလဟုတာ စိတ်ပေါ့ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၃၈။ ကာယမုဒုတာ စေတသိက်၏ နူးညံ့ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၃၉။ စိတ္တမုဒုတာ စိတ်၏ နူးညံ့ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၀။ ကာယကမ္မညတာ စေတသိက် ကောင်းမှု ဖြစ်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၁။ စိတ္တကမ္မညတာ စိတ်၏ကောင်းမှုဖြစ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ ဘုရား။

၄၂။ ကာယပါဂုညတာ စေတသိက်တို့၏ လေ့လာခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၃။ စိတ္တပါဂုညတာ စိတ်၏လေ့လာခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား

၄၄။ ကာယုဇုကတာ စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၅။ စိတ္တုဇုကတာ စိတ်၏ ဖြောင့်စွာ ဖြစ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ ဘုရား။

၄၆။ သမ္မာဝါစာ စေတသိက် ဝစီ ဒုစရိုက်လေးပါး ကြဉ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၇။ သမ္မာကမ္မန္တ စေတသိက် ကာယဒုစရိုက်သုံးပါး ကြဉ်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၈။ သမ္မာအာဇီဝစေတသိက် ဝစီဒုစရိုက်လေးပါးကာယဒုစရိုက်သုံးပါး ကြဉ်ခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄၉။ ဂရုဏာ စေတသိက် ဒုက္ခိတ သတ္တဝါကို သနားခြင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၅၀။ မုဒိတာ စေတသိက် သုခိတာ သတ္တဝါကို သနားခြင်းသည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ ဘုရား။

၅၁။ ပညိန္ဒြေ စေတသိက်သိ၍ အစိုးရခြင်းသည် ဒုက္ခဆင်းရဲခြင်းကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

# ရုပ်(၂၈)ပါး

၁။ ပထဝီ ခက်မာသောရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၂။ အာပေါယိုစည်းခြင်းရုပ်သည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၃။ တေဇော ပူလောင်ခြင်းရုပ်သည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၄။ ဝါယောလှုပ်ရှားခြင်းရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၅။ စက္ခု မျက်စိရုပ်သည် ဒုက္ခ ဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၆။ သောတ နားရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၇။ ဃာန နှာခေါင်းရုပ်သည်ဒုက္ခဆင်းရဲခြင်းအမှန်ကိုကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၈။ ဇိဝှါ လျှာရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၉။ ကာယ ကိုယ်ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၀။ ရူပ ရုပ်အဆင်းသည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၁။ သဒ္ဒ အသံရုပ်သည် ဒုက္ခ ဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၂။ ဂန္ဓ အနံ့ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၃။ ရသာခံစားခြင်း ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၄။ ဣတ္ထိဘာဝ မိန်းမရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၅။ ပုမ္ဘာဝ ယောကျ်ားရုပ်သည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၆။ ဟဒယ ရုပ်သည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၇။ ဇီဝိတ အသက် ရုပ်သည် ဒုက္ခ ဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၈။ အာဟာရ ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၁၉။ ပရိစ္ဆေဒ အသီးအခြားရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ဘုရား။

၂၀။ ကာယဝိညတ် သိခြင်းရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၁။ ဝစီဝိညတ် စကားအမူအရာရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ အရှင်ဘုရား။

၂၂။ ရူပဿ လဟုတာ ပေါ့သောရုပ်သည်ဒုက္ခဆင်းရဲခြင်း အမှန်ကိုကိုယ်တော်တိုင်(သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၃။ ရူပသညာမှဒုတာ နူးညွံ့ခြင်းရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင်(သိ)တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၄။ ရူပသာကမ္မညာတာအမှုရုပ်သည် ဒုက္ခ ဆင်းရဲခြင်းအမှန်ကိုကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကိုကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၅။ ဥပစယ ရှေ့ဦးစွာ ဖြစ်ပေါ်မှု ရုပ်သည် ဒုက္ခဆင်းရဲခြင်းအမှန်ကို ကိုယ်တော်တိုင် (သိ)တော်မူသောကြောင့်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ အရှင်ဘုရား။

၂၆။ သန္တတိ အစဉ်ဖြစ်ပေါ်မှု ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၇။ ဇာရတာ ရင့်ရော်အိုမင်းမှု ရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂၈။ အနိစ္စတာ ပျက်ဆုံးမှုရုပ်သည် ဒုက္ခဆင်းရဲခြင်း အမှန်ကို ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

ဒုက္ခဆင်းရဲခြင်း အမှန်တရားများဖြစ်ပါသည်။

## သမုဒယသစ္စာ

ဒုက္ခဆင်းရဲခြင်း ပွားများစေ၍ တပ်မက်ခြင်း လောဘသည် မဖေါက်မပြန် မမှားမယွင်း အမှန်ကိုဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် အလိုလို (သိ)တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ အရှင်ဘုရား။

## နိရောဓသစ္စာ

နိရောဓသစ္စာ ရုပ်နာမ်နှစ်ပါးမရှိ ဒုက္ခတို့၏ကင်းမဲ့ ငြိမ်းရာ နိဗ္ဗာန်ကို မဖေါက် မပြန် မမှားမယွင်း၊ အမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကို ကိုးကွယ်ရှိခိုးပါ၏ အရှင်ဘုရား။

## မဂ္ဂသစ္စာ

မဂ္ဂသစ္စာ သံသရာမှလွတ်မြောက်၍ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သော လမ်းခရီးကို မဖေါ်မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ (သိ) တော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုး ပါ၏အရှင်ဘုရား။

## တနည်း

၁။ သမ္မာဒိဋ္ဌိ ကောင်းစွာ မြင်ခြင်းသည် မဖေါက်မပြန် မမှား မယွင်း အမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်

တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၂။ သမ္မာသင်္ကပ္ပ ကောင်းစွာ ကြံစည်ခြင်းသည် မဖေါက်မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် (သိ) တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၃။ သမ္မာဝါစာ ကောင်းစွာဆိုခြင်းသည် မဖေါက် မပြန်မမှား မယွင်း အမှန်ကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် အလိုလို (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၄။ သမ္မာကမ္မန္တ ကောင်းစွာ ပြုလုပ်ခြင်းသည် မဖေါက် မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၅။ သမ္မာအာဇီဝ ကောင်းစွာ အသက် မွေးခြင်းသည် မဖေါက် မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၆။ သမ္မာဝါယမ ကောင်းစွာအားထုတ်ခြင်းသည်မဖေါက်မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘု ဉာဏ်ဖြင့် ကိုယ်တော်တိုင် အလိုလို (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏ အရှင်ဘုရား။

၇။ သမ္မာသတိ ကောင်းစွာ အောက်မေ့ ခြင်းသည် မပေါက် မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၈။ သမ္မာ သမာဓိ ကောင်းစွာ တည်ကြည် ခြင်းသည် မပေါက် မပြန် မမှားမယွင်း အမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် (သိ) တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကို ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား၊

## အထက်ပါသစ္စာလေးပါး တရားများတွင်

၁။ အကုသိုလ်တရားကုသိုလ်တရားများခွဲခြားသိရပါမည်။

၂။ ယခု လူအဖြစ်ဘဝ နောင်ဖြစ်ရာဘဝ အကျိုးယုတ် ငရဲကျမည်။ မကောင်းသော အကုသိုလ်တရား ပယ်ရှား ရှောင်ကြဉ် ရပါမည်။

၃။ ယခု လူအဖြစ်ဘဝ နောင်ဖြစ်ရာဘဝ လူနတ် နိဗ္ဗာန်ကောင်းကျိုးပေးမည်။ ကုသိုလ်တရားများ ပြောဆိုဆောင်ရွက်ကျင့်ကြံအားထုတ်ရပါမည်။

၄။ ကောင်းတရားများ ကျင့်ကြံ ဆောင်ရွက် ကြပါလျှင် စားဝတ်နေထိုင်ရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ တတ်သိလိမ္မာရေး၊ လူမှုရေးကိစ္စများ၊ ယခုဘဝ ကောင်းကျိုး ကေန်ဖြစ်စေသည့်ပြင် နောင်ဘဝ ကောင်းကျိုးခံစားရပါမည်။

(ကျင့်ကြံအားထုတ် နိုင်ကြပါစေ)

## ဗုဒ္ဓဘာသာမှ-ဘာသာ အခြေအမြစ်

ပါဠိစကား--ဘာသာ-ဘာသာစကားအနက်။ကျင့်ဝတ်ဘာသာစကားများသုတ်သုံးကျမ်း-ဝိနည်း ၅ကျမ်း-အဘိဓမ္မာ(၇)ကျမ်း ပေါင်း(၁၅) ကျမ်းသည် မြတ်စွာဘုရားသခင် ဟောကြားတော်မူသော တရားတော်စကားများ ဘာသာလို့ခေါ်ပါသည်။

ကုသလာ ကုသလေဓမ္မေ-မနာတိ-ဇာနာတိတိ မနုဿော

ကုသလာ ကုသလေ့ဓမ္မေ ကုသိုလ်--အကုသိုလ် တရားတို့ကို မနာတိ ဇာနာတိ သိတတ်၏။ ဣတိတသ္မာ ထို့ကြောင့် မနုဿ (လူမည်၏။)

ကုသိုလ်-အကုသိုလ်တရားတို့ကို ခွဲခြားသိတတ်သူသာလျှင် လူဖြစ်ပေသည်။

## သူတပါးအသက်သတ်ခြင်းကံ

သူတပါးအသက်သတ်ခြင်း ပယောဂ (၆) ပါး (၁) ကိုယ်တိုင် သတ်ဖြတ်ခြင်း (၂) သူတပါးသတ်ခိုင်းခြင်း (၃) လက်နက် တခုခုနှင့် ပစ်သတ်ခြင်း (၄) ဓါး-လှံ-သေနပ် စသော လက်နက် ပြုလုပ်သတ်ခြင်း (၅) မန္တရား စသည်တို့ဖြင့် သတ်ခြင်း (၆) တစုတခု အာနုဘော်နှင့် သတ်ခြင်း ပယောဂ (၆) ပါး ဖြစ်ပါသည်။

ကုန်းမှာ ကိုးကုဋေ၊ ရေမှာ ဆယ်ကုဋေ အသက်ရှိ သတ္တဝါများကို သေစေလိုသောစိတ်နှင့် အထက်ပါနည်း တနည်းနည်းနှင့် သတ်ဖြတ်လျှင် သူတပါးအသက်သတ်ခြင်း ဖြစ်ပေသည်။

(ယခုဘဝငရဲခံရပုံ) သင့်တွေ့မြင်သူများက ဝိုင်းဝန်း ရိုက်နှက် သတ်ဖြတ်ခြင်း၊ အစိုးရ မင်းများက ပုဒ်မ ၃၀၂-၃၀၄ စသော ဥပဒေများအရ ဘမ်းဆီး ချုပ်နှောင်၍ ထောင်ချခြင်း၊ သေစား သေစေခြင်း၊ အပြစ်ဒဏ် ခံရတတ်ခြင်း၊ မိဘ သားမယား ဆွေမျိုး မိတ်ဆွေ များနှင့် ကင်းကွာ နေရခြင်း၊ လူကောင်းများက ပေါင်းသင်းဆက်ဆံမလုပ်ခြင်း၊ လူယုံကြည်မှု မရှိခြင်းစသော မကောင်းမှု-ပြုလုပ်ခြင်း အကျိုး ခံစားသော ယခုဘဝ ငရဲဖြစ်ပေသည်။

(နောင်ဘဝ-ငရဲခံရပုံ) ကောသလမင်း၏ မိဖုယား မလ္လိကာသည် ဆိတ်တကောင် လည်ကို လှီးသတ်သော မကောင်းမှု အကုသိုလ်ကံကြောင့် အဝီစိငရဲ ခံရပြီးမှ လည်ချောင်း နင်၍ သတ်သေခဲ့ ဆိတ်အမွေး အရေအတွက်ခံရလေ၏။ မဏ္ဍူဗျရသေ့ လက်သမားဖြစ်သောအခါ ယင်ကောင်တကောင်ကို သစ်သားဖြင့် ထိုးမိသော မကောင်းမှု ကံကြောင့် ရသေ့ပြု၍ တရားကျင့်သောခါ တံစိုးလှိုခံရဘူး၏။ ဘုရားရှင် လက်ထက် ရဟန်းငါးရာတို့သည်နောင်ဘဝကိုမှုဆိုးဖြစ်ခဲ့ဘူးသောကြောင့်အတိုင်း မသိ ငရဲခံရပြီးမှ ရဟန်း အချင်းချင်း သတ်ကုန်ကြ၍ ရဟန်းငါးရာလုံး သေဆုံးပျက်စီးကြကုန်၏။ ဘုရားရှင်ကိုယ်တော်တိုင် တားမြစ်၍မရ ဖြစ်ပေသည်။

မင်းအပေါင်းတို့သည် ရေကန်ထဲ၌ ရှိကုန်သော ငါးတို့ကို သတ်လိုသော စိတ်နှင့် ငါးသေစေတတ်သော ဆေးတို့ကို ခပ်ခဲ့ဘူးသော မကောင်းမှုကံကြောင့် ဝိပဋ္ဋူပက ပြန်သတ်လေ၏။ ခြင်-ယင်ကောင်-ကြပိုးဆေး ရောင်းသူက ပယောဂ-ဆေးပက်

ဖြန်းသူက ကိုယ်တိုင်သတ်သူနှင့်တူကြပါသည်။ ရှောင်ကြဉ်လျှင် နှစ်ဦး ယခုဘဝ နောင်ဘဝကောင်းကျိုးဖြစ်ပါသည်။

## သူတပါးပစ္စည်းခိုးယူခြင်း

ပစ္စည်းဥစ္စာရှင် မပေးမသိဘဲ မည်သည့် နည်းနှင့် ယူယူ ခိုးခြင်းဖြစ်ပါသည်။

ဥပမာ ပြည်သူ့ ဘဏ္ဍာငွေကို စပါးလုံး တထောက်ကြားနည်းအမျိုးမျိုးနှင့် ယူခြင်းသည် အရှင် မသိအောင် ယူခြင်းကြောင့် ခိုးယူခြင်းဘဲ-

ရုံးသုံးစက္ကူ မင် ခဲတန်စသော ပစ္စည်းများ အရှင်မသိဘဲ ယူခြင်းသည်ခိုးယူခြင်းဘဲ-

ရုံးပစ္စည်း ၅ ကျပ်နှင့်ဝယ် ၅ ကျပ် ၅ ပြား ငွေသုံး ပုံစံ စာရင်းတွင် ထည့်၍ ငါးပြားသုံးစွဲခြင်းလဲ ခိုးယူခြင်းဘဲ-

အသင်းအဖွဲ့ပိုင် ပစ္စည်းတခုခုကို မည်သူမျှမသိဘဲ ယူသုံးစွဲခြင်းလျှင် ခိုးယူခြင်းဘဲ-

မိမိတာဝန် ယူထားသောအလုပ်ကို အချိန်ပြည့်မလုပ်ဘဲ အချိန်ပြည့် ငွေထုတ်သုံးစွဲပါလျှင် ခိုးသုံးခြင်းဘဲ-

မိမိအလုပ်မဆင်းဘဲ အလုပ်ဆင်း စာရင်းပေး၍ ငွေထုတ်ယူသုံးစွဲလျှင် ခိုးယူခြင်းဘဲ-

(တင်းပြည့်ခိုးခြင်း) တဆဲ့ခြောက်ပြည်တင်းနှင့်ပေး၍ တဆဲ့ ခုနှစ်ပြည်တင်းနှင့်ယူခြင်း ၄င်းရှစ်လုံးကိုက်ပြည်နှင့် ပေး၍ ကိုးလုံးကိုက်ပြည်ခြင်းလဲ ခိုးယူခြင်းဘဲ-

## ယခုဘဝ ဒိဋ္ဌခံရသောငရဲ

တွေ့မြင် သူများနှင့် စကားများခြင်း ရိုက်နှက် သတ်ဖြတ်တတ်ခြင်း၊ ရာဇသတ်ကြီး ဥပဒေအာရ အစိုးရက ဘမ်းဆီးချုပ်နှောင် အပြစ်ပေးခံရခြင်း။ မိဘသားမယား ဆွေမျိုး မိတ်ဆွေများနှင့် ကင်းကွာနေရခြင်း။ မိမိစားသောက် နေထိုင် ဆင်းရဲခံရခြင်းသည် ယခုလူအဖြစ် လက်တွေ့ခံရသော ငရဲဖြစ်ပါသည်။ နှောင်ဘဝငရဲခံရခြင်း ဗာရာဏသီပြည်တွင်သတို့သမီးတယောက်သည် သူတပါး ပုဆိုးတထည် ခိုးယူမိသော မကောင်းမှုကံကြောင့် ဘဝများစွာ ငရဲခံ၍၏။(ဓမ္မပဒမှာအကျယ်ကိုကြည့်ပါ)

## သူတပါးသားမယားကျူးလွန်ပြစ်မှားခြင်း (ကာမ)

သူတပါး လင်ရှိမိန်းမကို ကာမ စပ်ရှက်ခြင်း။ လင်ရှိသော မိန်းမက တပါးသော ယောကျ်ားနှင့် ကာမကျူးလွန် စပ်ရှက်လျှင် ကာမေသုမိစ္ဆာစာရ (ကံ) ဖြစ်၏။

(ယခုဘဝငရဲခံခြင်း) တွေ့မြင်သူ လင်ကြီး-မယား ကြီးက ရိုက်နှက်သတ်ဖြတ်တတ်ခြင်း။ အစိုးရက ဘမ်းဆီးချုပ်နှောင်၍ အပြစ်ပေးခံရတတ်ခြင်း။ မိဘ သားမယား ဆွေမျိုး မိတ်ဆွေများနှင့် ကင်းကွာနေရခြင်း။ စားသောက်နေထိုင်ခြင်း။ ဆင်းရဲခြင်း။ မယားခိုး လင်ခိုး အခေါ် ခံရခြင်းများသည် ယခုဘဝငရဲ ခံရခြင်းဖြစ်ပေသည်။

(နောင်ဘဝငရဲခံရခြင်း) ယခု ကိုယ်ကြီး သေဆုံး၍ ငရဲ ခံပြီးမှ လူဖြစ်သော် သူများကျွန် မိန်းမဖြစ်လေသည်။ ဘုရားရှင် ညီအနန္ဒာသည် ပန်းဘဲမျိုး၌ ဖြစ်သောအခါ သူများမယားတကြိမ် ပြစ်မှားမိသောကြောင့် တဆဲ့လေးဘဝ ငရဲခံရပြီးမှ မိန်းမ ဖြစ်ခဲ့၏။ (၇)နှစ်တိုင် သိုထွက်ခြင်းခံရဘူးလေ၏။နောင်ဘဝ ငရဲခံရခြင်းဖြစ်ပေသည်။

(မဟုတ်မမှန် ပြောဆိုခြင်း) မဟုတ် မမှန် လိမ်ညာသော ပြောဆိုသောသူသည် အလိမ်ခံရသူက ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်ခြင်း ၄၀၉-၄၀၆ စသော ဥပဒေအရ အစိုးရက ဘမ်းဆီး ချုပ်နှောင် အပြစ်ပေးခံရခြင်း၊ မိဘသားမယား ဆွေမျိုးများ နှင့် ကင်းကွာနေရခြင်းများသည် ယခုဘဝလက်တွေ့ငရဲခံရခြင်း ဖြစ်ပေသည်။

## နောင်ဘဝငရဲခံရခြင်း

မဟုတ်မမှန်ပြောဆိုလိမ်ညာသောစေတိယမင်းသည် သိန္ဓောမြင်းက၍ နတ်သားလေးယောက်သန်လျက် ထန်းစောင့်ခြင်းကို ကွယ်ကုန်၏။ ထိုမင်းအံနံ့ကား စန္ဒကူးအနံ့ကဲ့သို့ မွှေးကြိုင်ခြင်း ပစပ်အနံ့ကား ကြာညိုပန်းပွင့်နှင့်တူသော အနံ့တို့ ကွယ်ပျော်၍ မြေမျိုလေ၏။ စိဥ္စမာနသည် လိမ်ညာ ပြောဆိုမှုကြောင့် မြေမျို၏။ လိမ်ပြောဆိုသူသည် ငရဲ ပြိတ္တာ ခံရပြီးမှ လူဖြစ်သော် သူများစွပ်စွဲခံရ၏။

## ကုန်းတိုက်ကုန်းချောပြော၍ ရေလဲခံရခြင်း (ကံ)

ကုန်းတိုက် ကုန်းချောပြောဆိုသောသူများသည် သိရှိလျှင် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်တတ်ခြင်း၊ အသင်းအဖွဲ့မှ နှင်ထုတ်ပယ်ခြင်းစသော မကောင်းသော ယခုဘဝ လက်တွေ့အကျိုး ခံစားရတတ်၏။

## အကြောင်းအကျိုးမရှိပြောခြင်း

အကျိုးအကြောင်းမရှိ စကားလေ စကားလွင့်ပြောဆိုခြင်း သီတာဒေဝီကို ဒသဂီရိက မဟုတ် မဟပ် ကြံစည်၍ ဆန်းဆန်းကြယ်ကြယ် ပြောဆိုသော စကားမျိုးသည် သမ္ဖပ္ပလာပကံမည်၏။

သူတော်ကောင်း ဂုဏ်ပျက်ခြင်း သူယုတ်မာတို့ စကားဖြစ်ခြင်း အချိန်ဖြုန်းတီးခြင်း အကျိုးစီးပွားပျက်ခြင်း လူယုံကြည်မှုကင်းခြင်း အလကားလူဖြစ်ခြင်း စသော မကောင်းကျိုးများ ခံစားရလေသည်။

## ကြမ်းတမ်းဆဲရေးခြင်း (ကံ)

သင့်ကို ဓါးမြ သူခိုးများက အပိုင်းပိုင်း သတ်ပါစေ။ နင့် ဦးခေါင်း မိုးကြိုး ခုနှစ်စိတ်ခွဲပါစေ။ သွေးအန် သေပါစေ သေခြင်းဆိုးနှင့်သေပါစေစသော လက်သီးလက်မောင်းတန်း၍ ကြိမ်းမောင်းဆဲရေးခြင်းများသည် ဖရုသဝါစ (ကံ)ဖြစ်၏။

(ယခုဘဝရေလဲခံရခြင်း) ဆဲဆိုခံရသူကကြားလျှင် ရိုက်နှက် သတ်ဖြတ်တတ်ခြင်း။ လူယုတ်မာ အခေါ် ခံရတတ်ခြင်း။ မိဘ

သားမယား ဆွေမျိုး မိတ်ဆွေများနှင့်ကင်းကွာ၍နေထိုင် စား သောက်ရခြင်းသည် ယခုဘဝရခံရခြင်းဖြစ်ပေသည်။

ဒေဝိလ ရသေ့နှင့် နာရဒရသေ့တို့သည် ဇရပ်တခု၌ တည်း ခိုကြရာ ဘုရားအလောင်းရသေ့က ဦးခေါင်းနှင်းမိ၍ဒေဝဒတ် လောင်း ရသေ့က သင်ဦးခေါင်းမိုးကြိုးခုနစ်စိပ် ခွဲပါစေလို့ ကြိမ်ဆဲသော(ကံ)ကြောင့် ရေကန်ထဲ ငုတ်နေသော ဒေဝဒတ် လောင်း ရသေ့ ဦးခေါင်းမိုးကြိုးပြစ်ချလေ၏။

သူများကြိမ်ဆဲသောအကျိုး မိမိခံရလေသည်။

## သူတပါးပစ္စည်းကို မိမိပစ္စည်းဖြစ်ရန် စိတ်ဖြင့်ကြံစီခြင်း

၁။ သူတပါးပိုင် လယ်မြေပိုင်စက်ရုံအလုပ်ရုံတို့ကို ငါ့လယ် မြေ ငါ့စက်ရုံ အလုပ်ရုံဖြစ်လျှင် ကောင်းလေစွဟု (စိတ်) ဖြင့် ကြံစည်မှုသည် မကောင်းသောအဘိဇ္ဈာကံ ဖြစ်၏။

၂။ ပြည်သူပိုင် ဘဏ္ဍာငွေစာရင်းမှ ခဲတန်စသောပစ္စည်း အမျိုးမျိုးများကို ငါပိုင်ပစ္စည်းဖြစ်လျှင် ကောင်းလေစွဟု စိတ် ဖြင့် ကြံစည်မှုသည် မကောင်းသော အဘိဇ္ဈာကံဖြစ်လေ၏။

၃။ သူတပါးပိုင် အစားအသောက် အဝတ် အထည် အိမ် တိုက်များ ငါပိုင်ဖြစ်လျှင် ကောင်းလေစွဟု(စိတ်)ဖြင့်ကြံစည် မှုသည် မကောင်းသောအကုသိုလ်အဘိဇ္ဈာကံဖြစ်လေ၏။ သူတ ပါးပိုင် ပစ္စည်းများကို မိမိပိုင် ပစ္စည်းဖြစ်ရန် စိတ်နှင့်မျှ မကြံ စည်အပ်ပေ။

## သေကြောပျက်စီးလျှင် ကောင်းလေစွ

ကုန်းမှာ ကိုးကုဋေ ရေမှာ ဆယ်ကုဋေ ရှိကြ ကုန်သော လူယင်ကောင် ကြွပိုးစသော သတ္တဝါ တို့သည် သေကြော ပျက်စီးကုန်လျှင် ကောင်းလေစွ သေကြောပျက်စီး ကုန်ကြပါစေ။ ဤသတ္တဝါတို့သည် နောင်မတိုးပွားလျှင် ကောင်းလေစွ။

သတ္တဝါတပါး၏အသက်ခန္ဓာ ပျက်စီးခြင်း ရောက်အောင်ကြံစည်ခြင်းသည် ဗျာပါဒကံဖြစ်လေသည်။

### အယူမှားခြင်းကံ

ဘုရား တရား သံဃာတော်မြတ်များကို ကိုးကွယ်ယုံကြည်မှုမရှိခြင်းသည် မိစ္ဆာဒိဋ္ဌိ–

အကျင့်သိက္ခာများကို ယုံကြည်မှုမရှိခြင်းသည် မိစ္ဆာဒိဋ္ဌိ

ကုသိုလ်(ကံ) အကုသိုလ်(ကံ)များယုံကြည်မှုမရှိခြင်းသည် မိစ္ဆာဒိဋ္ဌိ

ကိုယ်နှင့်ကျူးလွန်သော ကံ(၃)ပါးပြောဆို ဟောပြောမှု။ နှုတ်ဖြင့်ပြစ်မှားသော ဝစီကံ (၄)ပါး။ စိတ်နှင့် ပြစ်မှားသော မနောကံ(၃) ပါး။ ဤဒုစရိုက်တရား ဆယ်ပါးသည်ပြောဆိုပြုလုပ် ဆောင်ရွက် ကြံစည်သူကိုသာ မကောင်းသောအကျိုး ဒိဌ ပေးစေသည်။ ဤမကောင်းအကျင့်တရား ဆယ်ပါးရှောင်ကြဉ် ဒိဌ လူတော် လူကောင်းဖြစ်၍ လူအများ ယုံကြည် အားထားလာသဖြင့် လူအကြည်ညိုခံပုဂ္ဂိုလ် မုချဖြစ်ပေမည်။

ထိုမကောင်းသောတရားများကို ရှောင်ကြဉ်သူများ ပါလာသော တိုင်းပြည်ဖြစ်လျှင် ရုံးဂါတ်ထောင်များ နည်းသွားမည်ပြင် တိုင်းပြည်လည်း ချောမ်းသာယာစွာ ရှိလာ၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေထိုင်ရပေမည်။

ဗုဒ္ဓဘာသာစကားတော် ပိဋကတ်များပါဠိအနက်အဓိပ္ပါယ်သဘော အင်္ဂါစုံလင်ခြင်းသည် ဗုဒ္ဓဘာသာအခြေအမြစ် ဖြစ်ပါသည်။ (ဝါ) ဗုဒ္ဓဘာသာလို ခေါ်ပါသည်။ ပါဠိအနက်အဓိပ္ပါယ်သဘော အင်္ဂါစုံလင်စွာ တတ်သူသည် ဗုဒ္ဓဘာသာအခြေအမြစ်က တတ်သိလိမ္မာသူဖြစ်ပေသည်။

## နိုင်ငံတော် အခြေအမြစ်

ပြည်တောင်စု မြန်မာ နိုင်ငံတော်သည် ဗမာ ရှမ်း ကချင် ကချင် ကယား ချင်း မွန် ရခိုင် မြိတ် ထားဝယ် ပုလောင် စလုံ စသော လူမျိုးများမှိတင်ပျော်မွေ့နေထိုင်ရာကိုနိုင်ငံတော်ခေါ်ပါသည်။

ထိုနိုင်ငံသားတို့သည် တပြည်မှတပြည် ရောင်းဝယ်ကြခြင်း စီးပွားရှာကြခြင်းပညာလဲလည်ယူကြခြင်း တည်းခိုစားသောက်ကြခြင်း မျက်နှာစုံညီ ပြောဆိုတိုင်ပင် ဆွေးနွေး နိုင်ကြခြင်း။ ထမင်းလက်ဆုံ မျက်နှာခြင်းဆိုင် အတူစားသောက် ကြခြင်း။ အလုပ်အတူတူ ပူလုပ် ဆောင်ရွက် ကြခြင်း လက်ဆောင်ပနာများ ပေးလှမ်းကြခြင်း။

ရတနာသုံးပါးကို အတူတူ ကိုးကွယ်ရှိခိုးကြခြင်း အလှူအ တူတူ ပေး၍ ရေစက်ချကြခြင်း။

ရွာဦး ဘုန်းတော်ကြီးကျောင်း၌ ဉပုသ်အတူတူ စောင့်ကြ ခြင်းများ အတူတကွ ပြုလုပ်ဆောင်ရွက်ခဲ့ကြသော နိုင်ငံသား လူမျိုးများဖြစ်ခဲ့ကြပါသည်။

(ဥပမာ) ဗမာလူမျိုးများက ရှမ်း ကရင် ကချင် ကယား ချင်း မွန် ရခိုင် မြိတ် ထားဂယ် စလုံ စသော လူမျိုးများကို ငါးပိ ငါးခြောက် ငံပြာရည် ဆံစသော စားကောင်း သောက် ဘွယ်နှင့် လူသုံး ပစ္စည်းကောင်း များကို ချစ် မိတ်ဆွေများ ထံ လက်ဆောင်ပေးလှမ်းခဲ့ကြရာ ရှေးနှစ်ပေါင်းများစွာက မတွက် ပြနိုင်သောအချိန်ကာလကဖြစ်ခဲ့ပါသည်။ရှေ့ကိုလည်း များစွာ ချစ်ခင်ကြရဦးမည် ရှမ်း ကရင် ကချင် ကယား ချင်း မွန် ရခိုင် မြိတ် ထားဝယ်စသော လူမျိုးများကလည်း လဘက်စို လဘက် ခြောက် ကောက်ညှင်း ကျည်တောက် ဒူးရင်းယို ထားဝယ်လုံချည် ရခိုင်လုံချည် ကျောက်သွေး အသားခြောက် အသားကျော် စား ကောင်း သောက်ဘွယ် ကောင်းများနှင့် လူသုံးပစ္စည်း အမျိုး မျိုးများကို ချစ်မိတ်ဆွေ ဗမာ လူမျိုး များထံ လက်ဆောင် ကောင်းအဖြစ် ပေးလှမ်းခဲ့ကြသည်မှ ရှေ့နှစ်ပေါင်းများစွာက ဖြစ်ခဲ့ကြသည့်ပြင် ရှေ့ကိုလည်း ပို၍ချစ်ခင်ကြဦးမည်။

ဗမာလူမျိုးနှင့် ရှမ်း ကရင် ကချင် ကယား ချင်း မွန် ရခိုင် မြိတ် ထားဝယ် စလုံစသော လူမျိုးများ တဦးနှင့်တဦး ချစ်ခင် ကျွ လွန်း ၍ တ ဦး ကိုယ် တ ဦး အပ် နှံ ကာ ကျင် နာ ချစ်

ခင်သော အိမ်ထောင်ဘက် ပြုလုပ်နေထိုင်ကြသော လူများဖြစ်ခဲ့ကြသဖြင့် သား မြေး မြီး တီတွတ် ကျွတ် မျိုး (၇) ဆက်နှင့် ဘ ဘိုး ဘေး ဘောင် ဘီ အဘီ အဘော် စသော ဆွေ ၇ ဆက်ရှိခဲ့ကြလေပြီဖြစ်၍ ရှေ့ဆက်လက်ပြီး ရွှေဆက် မျိုးဆက်ပိုမိုများပြားလာမည်ဟုယုံကြည်ကြရပေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသား ဗမာ ရှမ်း ကရင် ကယား ချင်း မွန် ရခိုင် မြိတ် ထားဝယ် စလုံစသော လူမျိုးများသည် ဘုရားတရား သံဃာတော်မြတ်များကို ကိုးကွယ်ရှိခိုးကြသော လူမျိုးများဖြစ်ကြသည့်ပြင် တရားတော်များကို သင်အံ လေ့ကျက်၍ တတ်မြောက်ပြီးသော တရားတော်များအတိုင်း ကျင့်ကြံ အားထုတ်ကြသော လူမျိုးများ မှီတင်း နေထိုင်ရာ နိုင်ငံတော်ဖြစ်ပါသည်။

ထိုနိုင်ငံသားများသည် ဘုရားတည် ကျောင်း ဇရပ်ဆောက်ခြင်း ရေတွင်း ရေကန်တူးခြင်း ပိဋကတ်သုံးပုံလှူဒါန်းခြင်း၊ ရတနာသုံးပါး အသုံး အဆောင် ပစ္စည်း လှူဒါန်းခြင်း ရှင်ပြုရဟန်းခံခြင်းများကို အတူတူလှူဒါန်းရေစက်ချ အမျှဝေ သာဓု-သာဓု-သာဓု သုံးကြိမ်ခေါ်ခဲ့ကြသော ဘုရားတကာ ဘုရားအမစသော အလှူတကာများဖြစ်ခဲ့သော ဗုဒ္ဓဘာသာဝင် နိုင်ငံသားများဖြစ်ခဲ့ကြပါသည်။

# ရွှေတိဂုံဘုရားကြီးကျောင်း (?)

ဗမာ ရှမ်း ကရင် ကချင် မွန် ရခိုင်စသော လူမျိုး ရွှေဘုရား ကျောင်း ဘုန်းတော်ကြီးထံသွားရောက်စုရုံး၍ သီလများ အဓိဋ္ဌာန် ခံယူကြပြီးလျှင် ရုပ်နာမ် ၂ ပါးသည် အမြဲမရှိ ဒုက္ခ ဆင်းရဲ၏ အနတ္တာ အစိုးမရ ကိုယ်မဟုတ်စသော တရားများမှ မျက်နှာ ခြင်းဆိုင် ဆွေးနွေးမေးမြန်း ဖြေကြား နည်းယူနည်းပေးခဲ့ကြ ပါသည်။

ဗမာ ရှမ်း ကရင် ကယား ချင်း ကချင် မွန် ရခိုင် စလုံ စ သော လူမျိုးများ ရွှေဘုရား ဘုန်းတော်ကြီးကျောင်း သွားရောက် ခါ သီလများ အဓိဋ္ဌာန်ခံယူပြီးလျှင် မျက်နှာခြင်းဆိုင် ဝိုင်းထိုင်၍ တရားဆွေးနွေး၍ မေးမြန်းကြသော လူမျိုးများဖြစ်ခဲ့ပါသည်။ တဖန် ဥပုသ်ထမင်းဝိုင်းအတူထိုင်၍ တဦး၏ဟင်းလျာကို တဦး ကို သပ္ပါကြည်ဖြူစွာ ကျွေးမွေးစားသောက် နေထိုင်ခဲ့ကြသော နိုင်ငံသားများဖြစ်ပါသည်။

## ဘာသာအခြေအမြစ်

ပါဠိစကားဘာသာ ဘာသာစကားအနက်

၁။ မြတ်စွာဘုရားသခင်ကို ယုံကြည်ကိုးကွယ် ရှိခိုးပါ၏။

၂။ တရားတော်ကိုယုံကြည်ကိုးကွယ်ရှိခိုးပါ၏အရှင်ဘုရား။

၃။ အရိယာ သံဃာတော်မြတ်ကို ကိုးကွယ်ပါ၏။

၄။ အဖေ–အမေ ကျေးဇူးရှင်ကို ရှိခိုးကတော့ပါ၏။

ဆရာသခင် ကျေးဇူးရှင်ကို ရှိခိုးကတော့ပါ၏။

(အနန္တ ငါးပါးကို အိပ်ရာဝင် အိပ်ရာထ ၃ ကြိမ်ထက် မ နည်း ဦးတိုက်ရှိခိုးကြပါ။

၅။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်စူး၍ ဆွမ်းဟင်းလျာ ချိုချဉ်ရသာများကို ကပ်လှူကြပါ။
၆။ ပန်း -- ဆီမီး -- သောက်တော်ရေ သုံးတော် ရေများ နေ့စဉ် ကပ်လှူကြပါ။
၇။ တရားစာအုပ် စာရွက် ပိဋကတ်များ လှူဒါန်းကြပါ။
၈။ သံဃာတော် များကို ထမင်း ဟင်းလျာများ နေ့စဉ် လောင်းလှူကြပါ။
၉။ အမေ-အဖေများကို ထမင်းဟင်းလျာ ချိုချဉ်နှင့်ကြိုက်တတ်သော အစားအသောက်များ ရှာကြံ၍ရှေ့ရောက် ကျွေးမွေးကြပါ။
မိဘများဥပုသ်စောင့်သွားလျှင် ဆွမ်းဟင်းလျာ ကွမ်းဆေး ချိုချဉ် ပြင်ဆင်ပေးကြပါ။
၁၀။ မိဘအကျႌ လုံချည် စောင် အိပ်ရာခင်း စသော အဝတ်များ ရှော်ဖွတ်ပေးပါ။
၁၁။ မိဘချိုးရေ သောက်ရေ ခပ်ပေး၍ ရေချိုးလျှင် ချေးတွန်း ပေးကြပါ။
၁၂။ မိဘတို့ကို နှံ့သာလိမ်းခြင်း ချေဒေါက် ရေဆေးခြင်းတို့ကို ပြုလုပ်ပေးကြပါ။
၁၃။ မိဘအိပ်ရာ သန့်ရှင်းစွာ ပြင်ဆင်ခင်းပေးပါ။
၁၄။ မိဘကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် မပြုလုပ်ရပါ။
၁၅။ မိဘများနေရာ အိမ်ခန်းသီးသန့်ဆောက်လုပ်ပေးပါ။
၁၆။ မိဘဆုံးမစကားများကို နားထောင်ကြပါ။
၁၇။ မိဘများကို ဆဲရေးကြိမ်းမောင်း ပြန်ပြောခြင်း မပြုလုပ်ရပါ။

၁၈။ မိဘမကျမ္မာလျှင်စိတ်ရှည်စွာ အပင်ပန်းခံ ကျွေးမွေးပြုစုကြပါ။
၁၉။ မိဘကျိုးကန်းချိနေပါလျှင်တာဝန်ကျေစွာကျွေးမွေးပြုစုပါ။

(ယခုဘဝအကျိုး) လူအများ ချီးမွမ်းဂုဏ်ပြုခြင်း၊ ဆင်းရဲသော်လည်း ပြောင်လက်စွာ ဆင်းရဲ၏။ လူကျမ္မာ၍ အသား အရေ စိုပြေရာ၏။ ပစ္စည်းဥစ္စာ ရှာကြံ၍ အလွယ်နှင့်ရပြီး အဖတ်တင် နေတတ်၏။

---

## သာဓက ဝတ္ထု

ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းပြုသော အခါ ငါတို့ဘုရားအလောင်း ထင်းခုတ်သမား သူဆင်းရဲသည် မျက်မမြင် မိဘနှစ်ပါးတို့ကို နေ့တိုင်း ထင်းရောင်းချကျွေးမွေးနေ၏။ တနေ့သော်မင်းကြီးထံငွေတထောင်ယူ၍ဘီလူးထံထမင်းသွား ကျွေးမွေးရာငါသည် မျက်မမြင် မိဘတို့ကို ထမင်းဟင်း ချက်ပြုတ်ကျွေးရာမှငါလာသည်ပြော၏။ ဘီလူးသည် မိဘလုပ်ကျွေးသူဖြစ်၍ သင်ချမ်းသာစွာ သွားဟု လွှတ်လိုက်လေ၏။ ဘုရား အလောင်းကဘီလူးကို ငါးပါးသီလပေး၍ သီလ၏အကျိုးပြောပြ၍ သူ့ အသက်မစားတော့ဘဲရှောင်ကြဉ်၍ဘီးလူးငါးပါးသီလတည်လေလျှင် သင်ဘီလူးသည် ဤအရပ်၌နေလျှင်အဝတ်အစားရှားပါးသည်။ ငါတို့နှင့်အတူ လိုက်ပါမူကား အဝတ်အစား မရှားပြီဟုပြောဆိုခေါ်လေ၏။ မြို့တံခါး၌ထား၍ နေ့တိုင်း အဝတ်အစား

ဘေး၍ ကျွေးမွေးထားလေ၏။ ဘီလူးလည်းလူသားမစားတော့ဘဲ ယဉ်ကျေးခြင်းရှိ၍ သီလ တည်မြဲလေသျှင် မင်းအစရှိသော ပြည်သူတို့က စား သောက် ဘွယ် များကို နေ့စဉ် ပို့၍ သီလ တည်လေ၏။

## နိုင်ငံတော်ဘာသာအခြေအမြစ်

ဗမာ ရှမ်း ကရင် ကချင် ကယား ချင်း မွန် ရခိုင် မြိတ် စသော လူမျိုးများ ကိုးကွယ်ရာ သင်အံလေ့ကျက်မှတ်ယူရာကျင့်ကြံ အားထုတ်ပူလုပ်ဆောင်ရွက်ပြောဆိုသောစကားများသည် နိုင်ငံတော်ဘာသာဖြစ်ပေသည်။

## ပုတီးစိတ်နည်း

ဗုဒ္ဓနုဿတိတပုဒ်တလုံးဆို၍နံနက်ပိုင်း စိတ်ရပါမည်။ အနိစ္စ အမြဲမရှိ။ ဒုက္ခဆင်းရဲခြင်း။ အနတ္တာ အစိုးမရ။ ကိုယ်မဟုတ်။ တပုဒ်တလုံး မွန်းလွဲပိုင်း စိတ်ရပါမည်။

(အန္တရာယ် ကင်းရန် ရွတ်ပါ) ဘုန်းတော်အနန္တ–ဉာဏ်တော် အနန္တ–တံခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်၏ တံခိုးတေဇော် အာနုဘော်တော်အားဖြင့် ဘေးအန္တရာယ် ခပ်သိမ်းအပေါင်းတို့သည် ယခုမကြာ လွင့်စင် ကွယ်ပျောက် ပါစေသော်။အိပ်ရာဝင်–ညအိပ်ရာထ တနေ့(၃)ခေါက် ထက်မနည်းရွတ်ပါ။ မြန်မာနိုင်ငံခေါင်းဆောင်ကြီးတယောက်သည် လေယဉ်ပျံနှင့် ကမ္ဘာသို့လှည့်လည်သွားရောက်ရာတွင် ဤအန္တရာယ်ကင်းစါရွတ်သွားရာဘေးရန်မရှိဘဲလူအများချစ်ခင်၍

ဂုဏ်ကြီးမြင့်သော ကမ္ဘာကျော် ခေါင်းဆောင်ကြီး ဖြစ်ခဲ့ပါသည်။ ဘေးရန် တွေ့လျှင် အချိန်မရွေး ရွတ်ကြပါ ဘေးရန် မှချကင်းစေပါသည်။

## သတိပေးနှိုးဆော်စာ

ဆုတ်ကပ်ခုခါ၊ သောင်ကမ်းမမြင်၊ စိတ်ဓါတ်ရှင်ဖြင့်၊လောဘနယ်သို့၊ ခုဝယ်အတွင်း၊ စုံးခုန်ဆင်းလည်း၊ ဝမ်းတွင်း၌သာ၊ တနပ်စားတည်း၊ ဇရာမရဏ သေချိန်ကျမှ။ ဒါနမရ၊ သီလမပါ၊ ဘာဝနာမှာ၊ ဘယ်ခါမမှန်း၊ မသိစွမ်းဖြင့်၊ သေခန်းမရဏာ၊ ဇောအကြွမှာ၊ ဘုရားလို့သာ၊ တကြွရှာသည်၊ သင်သာလူမိုက်၊ ဒုစရိုက်။ ။

# စွယ်စုံစမြင်းကျော-ဝမ်းမှုန်ဆေးလုံး

အနံ့အဝင်မဆိုးပါ ဆေးသောက်ရလွယ်ကူပါသည်။

အောက်ပါ ရောဂါများ ဆေးတခွက်နှင့် မထူးခြားလျှင် ဆေးဘိုးပြန်ယူပါ။

ဆီးရှင် လေသက် ဝမ်းမှန်၍ အဆွဲအပူ အပုတ် ရောဂါ ကျရမည်။ စားကောင်း အိပ်ပျော်၍ မှုံသောမျက်စိလင်းရမည်။

ခေါင်းကိုက်ခြင်း။ အကြောတက်ခြင်း၊ ခါးနာ – ပစပ်နာ စကားများခြင်း။ သွေးတိုး ရောဂါ အအောင့် ရောဂါ။ ဇွဲ ပျောက်ပါသည်။

နေ့စဉ် အညောင်းထိုင်သူ ဆီးရောဂါရှိသူ။ ကိုယ်ဝန်ဆောင်များ အသက်ကြီးသူ အထူးသင့်ပါသည်။ လူနုန်းခွေ ခြင်းနှင့် အားယုတ်ခြင်းမရှိကြောင်း ရဲဝန့်စွာ တာဝန်ခံပါသည်။

အငယ် ၂–ကျပ်။ အကြီး ၅–ကျပ်

(စွယ်စုံအစာကြေဆေးပြား)ဆေးအနံ့အဝင်မဆိုးသောက် ရလွယ်ကူပါသည်။ ရင်ပြည့်ကယ်ခြင်း။ ပျို့အံခြင်း။ ဗိုက်ပူ။ ဗိုက်နာ၊ ဗိုက်အောင့်ခြင်း။ ရင်မလင်းခြင်း။ လည်ချောင်းထဲ၌ ဆို့တို့တို့နေခြင်း။ အစာမကြေခြင်းများ မပျောက်လျှင် ဆေးဘိုး ပြန်ယူပါ။ အငယ် ၂–ကျပ်။ အကြီး ၅–ကျပ်

(စွယ်စုံ ချောင်းဆိုးပျောက် ဆေးရည်) ချောင်းဆိုးခြင်း ရင်ကျပ်ခြင်း။ မောပန်းခြင်း။ သလိပ်မရခြင်း စသော ချောင်းဆိုး (၁၂) မျိုး ပျောက်ကင်းစေပါသည်။ တပုလင်း ၁–ကျပ်။

# ခွယ်ခုံအကောင်ဆုံး လိမ်းဆေးကြီး

## အနံ့မွှေးပါသည်။

ဗိုက်ပွ–ဗိုက်နာ–ဗိုက်အောင့်ခြင်း ချောင်းဆိုး ရင်ကျပ်ခြင်း ရင်ဘတ်နာ ချေလက် အေးခြင်း။ တက်ခြင်း။ နှာခေါင်း ပိတ်ခြင်း။ ကျောရင်းအောင့်ခြင်း။ ခါးနာ–ခါးအောင့် ပေါင်ကိုက် ချေသလုံး–လက်မောင်း ဒူးဆစ်–လက်ဆစ် နာကျင် ကိုက်ခဲခြင်း နေရာကို ဆေးနှင့်နာနာ ပွတ်လိမ်း အဝတ်နှင့် စီးထားပါ မိန်းမများသွေးမပေါ်လျှင် ဆီးစပ်ခါး ပတ်အောင် လိမ်းစီးထားလျှင် သွေးဆင်းလာလိမ့်မည် ရှုလိမ်းပါ။

အငယ် ၁–ကျပ် ၅၀ပြား။ အကြီး ၅–ကျပ်။

( စွယ်စုံ အားတိုးဆေးပြား ) စားကောင်း အိပ်ပျော်၍ သွေးလေ အားတိုးရမည်။ ပန်းသေပန်းညို ၅ ရက်နှင့် ထူးစေမည်။ မျက်စိ မှုံဝေခြင်း။ ညောင်းကိုက်ခြင်း။ အကြောတက်ခြင်း။ ချေသက်ခြေခြင်း။ မပျောက်လျှင် ဆေးဘိုး ပြန်ယူပါ။ အားလိုလျှင် ဤဆေးဝယ်သောက်ပါ။ တပုလင်း ၄–ကျပ်။

ပြည်တော်အေး-ပန်းနာရင်ကျပ် အမြစ်ဖြတ် ဆေးပြား။ ပန်းနာရင်ကျပ် ပန်းနာရှုံက်ကုန်း။ ပန်းနာချောင်းဆိုး။ ပန်းသလိပ်များ ပျောက်ကင်းစေပါသည်။ တပုလင်း ၅–ကျပ်။

အထက်ပါဆေးစွမ်းကောင်းများသည် အဘိဓမ္မာ–ဆရာခိုင် ကိုယ်တိုင် အနှစ် (၂၀) ကျော် လက်တွေ့ ကုသ ပျောက်ကင်းခဲ့သော ဆေးများဖြစ်ပါသည်။ လက်တွေ့ တပုလင်းစမ်းသုံးပါ ရောဂါပျောက်ကင်းကျိုး ဒိဋ္ဌခံစားရမည်။

## ပြည်တော်ဧ-လေနိုင်ဆေးရည်

လေထိုး လေအောင့် လေနာ ၅ မိနစ်နှင့် မပျောက်လျှင် ဆေးဘိုးပြန်ယူပါ အငယ် ၁-ကျပ်၊ အကြီး ၅-ကျပ်။

စွယ်စုံအဖျားအမြန်ကျဆေးရည်တပုလင်း ၁-ကျပ်။

စွယ်စုံဝမ်းကိုက်ပျောက်ဆေးပြား တပုလင်း ၃-ကျပ်။

သွေးတိုးရောဂါပျောက်ဆေး တစုံ ၁ဝ ၃ နာရီအတွင်း ထူးခြားခြင်းမရှိလျှင် ဆေးဘိုးပြန်ယူပါ။

အဆုတ်ရောဂါပျောက်ဆေးပြားတစုံ ၁ဝ။

## ဆေးဖေါ်စပ်သူ အဘိဓမ္မာဆရာနိုင်

ခေတ်မှီဗမာ့ဆေးစွမ်းကောင်းကိုအားပေးသုံးစွဲကြပါ။

**လည်ချောင်းကျဉ်း၍ အစာစားမရသောရောဂါ**

**အစားအသောက်ပျက်၍ အိပ်မရသောရောဂါ**

အဖေါ်ရောဂါ မီးယပ်ကွက်ရောဂါ မိန်းမများဗိုက်ထဲ၌အလုံး အပြား အမျှောင် အပြင် ရှိမရှိ မိန်းမချင်းစမ်းသပ် မခွဲမလှီးမဖြတ်ဘဲ ကုသပေးမည်။

ဆေးထိုး ဆေးစားမပျောက် ဆေးရုံပြန်နာတာရှည်ရောဂါအမျိုးမျိုးများ ဆရာနှင့်လာရောက်ဆွေးနွေးကြပါ။

# ဗုဒ္ဓဘာသာကို-နိုင်ငံတော်ဘာသာ

ဖြစ်လာရန်

**ထောက်ခံသော လူမျိုးစုလွှတ်တော်**

**အမတ် (၁၀၁) ယောက်**

**ပြည်သူ့လွှတ်တော်အမတ် (၂၂၃) ယောက်**

လွှတ်တော် ၂ ရပ် ထောက်ခံသူအမတ်ပေါင်း

၃၂၄ ယောက် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို-နိုင်ငံတော် ဘာသာ ဖြစ်ခဲ့သောနေ့မှ

(၁၃၂၃)-ခု ဝါခေါင်လပြည့် စနေနေ့က အတည်ဖြစ်ပါသည်။

လွှတ်တော် ၂ ရပ် အမတ်ပေါင်း(၃၇၅)ယောက်ရှိပါသည်။

**ဗုဒ္ဓဘာသာနှင့် နိုင်ငံတော်ဘာသာ**

အခြေအမြစ်-ဒုတိယတွဲ ဆက်မျှော်ပါ

**အဘိဓမ္မာ ဆရာခိုင်ရေး**

မိဘနှင့် သားသမီးအကျိုးရှိစာအုပ်

လူအကျိုးရှိစာအုပ်

အဘိဓမ္မာဆရာခိုင်ရေး ဓါတ်စာစားနည်း။ ၎င်းစာအုပ်များ

ထွက်ဆဲ။ (အမျိုး) အခြေအမြစ်မျှော်ပါ

အလှူအမျိုးမျိုး လှူဒါန်းခြင်းထက် တရားစာအုပ်များကို

လှူခြင်းကပိုမြတ်၏။

**သတ္တဝါများ ကျမ္မာ ချမ်းသာကြပါစေ။**

---

ချစ်ရတနာတိုးပုံနှိပ်တိုက် အမှတ် ၃၀-၉ လမ်း စံပြ ဖ-ဆ-ပ-ဝ